# ACC Against COVID-19




အစီအစဉ် (၄၁)

“ကိုဗစ်ကာလ၌ အဂတိလိုက်စားမှု ဖြစ်ပွားစေသော ကိစ္စရပ်များ”

တင်ပြသူ

ဒေါ်မိုးမိုးထွန်း

Director,

Citizen Action for Transparency – CAfT

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်နေရသည်မှာ
လေးလခန့်ကြာပြီဖြစ်သည်။ မတ်လနှောင်းပိုင်းတွင်
စတင်ခဲ့သောကိုဗစ်ကပ်ရောဂါသည် ယခုဇူလိုင်လတွင် ရောဂါကူးစက်ခံရသူ
၃၀၀ ကျော်သို့ ရောက်ရှိလာပြီး ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရန်အတွက်
လူ ၅ ဦးထက်ပိုမစုဝေးရ၊ ည ၁၂ နာရီကျော်လျှင် ညမထွက်ရအမိန့်အပါအဝင်
စည်းကမ်းချက်အချို့ကို အစိုးရက ချမှတ်ထားမှုများ ရှိခဲ့ပါသည်။ ထိုသို့
အကြပ်အတည်းကာလကို အခွင့်အလမ်းသဖွယ်သဘောထားကာ
ပြစ်မှုကျူးလွန်မှုများရှိလာသည်။ ကိုဗစ်ကာလတွင်
ကျဆင်းလျော့နည်းမသွားသော ကိစ္စများထဲတွင် တရားမဝင်
သစ်ထုတ်လုပ်မှုဖြစ်စဉ်များလည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်ကာလကို အပြင်းအထန်
ကာကွယ်နေရချိန်ဖြစ်သည့် ဧပြီလအတွင်း
သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန၏ မှတ်တမ်းအရ တစ်နိုင်ငံလုံးတွင်
ကျွန်း၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ဖမ်းဆီးရမိမှု
သည် တန်ချိန်ပေါင်း ခုနှစ်ထောင်နီးပါးရှိခဲ့သည်။







ညမထွက်ရအမိန့်ကြောင့် သစ်တောဝန်ထမ်းများ
ညပိုင်းပိတ်ဆို့ဖမ်းဆီးခြင်းများ မပြုလုပ်နိုင်ချိန်တွင်
အစိုးရ၏ညမထွက်ရအမိန့်ကို အခွင့်ကောင်းယူကာ
တရားမဝင် သစ်ထုတ်လုပ်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။



ဖမ်းဆီးရမိလာသည့် သစ်များကို သစ်တောဌာန၏ ကြမ်းခင်းဈေးအတိုင်း တွက်ချက်၍ နှစ်ကုန်လျှင် သတင်းပေးသည့်အဖွဲ့ကို ၂၀ ရာခိုင်နှုန်း ဆုကြေးအဖြစ်ပေးရန် နိုင်ငံတော်ကသတ်မှတ်ထားသည်။ ထိုစနစ်အရ ဒေသခံပြည်သူများသည် တယ်လီဖုန်းဖြင့်ဖြစ်စေ၊ SMS ဖြင့်ဖြစ်စေ သတင်းပေးပို့နိုင်ပြီး အစိုးရသစ်၏ လေးနှစ်တာကာလအတွင်း ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (CMRS)ကြောင့် တရားမဝင်သစ်တန်ချိန်ပေါင်း ငါးသောင်းခန့်ကို ဖမ်းဆီးမိခဲ့သည်ဟု သက်ဆိုင်ရာဌာနက နိုင်ငံပိုင်မီဒီယာ မှတဆင့် ရှင်းလင်းတင်ပြထားပါသည်။



- တရားမဝင်သစ်ထုတ်လုပ်မှုကို တားဆီးဖမ်းဆီးရာတွင် ပုံမှန်ကင်းလှည့်ပြီး ဖမ်းဆီးခြင်း၊ ခရိုင်အလိုက်၊ မြို့နယ်အလိုက် စစ်ကြောင်းနှင့်ဖမ်းဆီးခြင်း၊ ရှောင်တခင်ဖမ်းဆီးခြင်း၊ ပြည်သူဗဟိုပြုသော ပြည်သူသတင်းပေးမှုဖြင့် ဖမ်းဆီးခြင်းတို့ လုပ်ဆောင်နေသော်လည်း သစ်ခိုးထုတ်မှု ဖြစ်စဉ်များမှာ လျော့ကျသွားခြင်း မရှိသည်ကို တွေ့ရပါသည်။



တရားမဝင်သစ်မှောင်ခိုလုပ်ငန်းကို တားဆီးနိုင်ရန်အတွက် သစ်တောဦးစီးဌာနနှင့် အရပ်ဖက် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း ညမထွက်ရအမိန့်ကြောင့် သတင်းပေးပို့မည့်သူများလည်း အခက်အခဲဖြစ်ကာ ချိတ်ဆက်ဆောင်ရွက်နိုင်မှု အားနည်းသွားခဲ့ခြင်းများရှိနိုင်ပါသည်။

သစ်မှောင်ခိုလုပ်ငန်း၏ အခြေခံ သစ်ခုတ်သူများသည် ဆင်းရဲနွမ်းပါးသည့် ပြည်သူများ ဖြစ်သော်လည်း ကုန်သွယ်လုပ်ငန်းတွင်မူ လုပ်ပိုင်ခွင့်အာဏာရှိသူအချို့လည်း ပါဝင်နေသည်ဟု ကြားသိနေရပါသည်။ သို့ဖြစ်ရာ ဥပဒေအာဏာသက်ရောက်ရေး ဆောင်ရွက်နေသူများအနေနှင့် အရေးပေါ်ကာလအတွင်း တရားဥပဒေနှင့်အညီ မျှတစွာ တရားစီရင်ခြင်း၊ အဂတိတရား ကင်းရှင်းစွာ၊ ခွဲခြားဆက်ဆံမှု ကင်းရှင်းစွာဖြင့် ဆောင်ရွက်ရန်အရေးကြီးပါသည်။



အခြေခံအားဖြင့် သစ်ပင်သစ်တောများ မရှိလျှင် ရာသီဥတု ဖောက်ပြန်မည်၊ အပူချိန်မြင့်တက်လာမည် ဖြစ်သည်။ သို့သော် သစ်တောအနီးနေ ဒေသခံပြည်သူများ၏ လတ်တလော စားဝတ်နေရေး အခက်အခဲများကြောင့် တရားမဝင်သစ်ခိုးခုတ်ခြင်း၊ တရားမဝင်သစ်ကုန်သွယ်ခြင်းများက ရှိနေဦးမည် ဖြစ်သည်။










မြန်မာနိုင်ငံကဲ့သို့ပင် အမေဇုန်တောကြီးတွင်လည်း ကိုဗစ်ကာလအတွင်း ထိုအကြပ်အတည်းမျိုးကို ရင်ဆိုင်နေရသည်။ ဗိုင်းရပ်ကူးစက်မှုကြောင့် ကမ္ဘာ့စီးပွားရေး နှေးကွေးသွားသော်လည်း ဘရာဇီးနိုင်ငံရှိ အမေဇုန်သစ်တော၌ သစ်တောပြုန်းတီးမှုမှာ အရှိန်အဟုန်နှင့် တိုးမြင့်လာခဲ့ပါသည်။ အမေဇုန်သစ်တောကြီးထဲတွင် တရားမဝင်သစ်ခိုးခုတ်သူများသည် Quarantine ကာလကန့်သတ်ပိတ်ဆို့ထားချိန်တွင်ပင် ပုံမှန်အတိုင်းခိုးထုတ်နေကြပါသည်။ ၂၀၂၀ ဧပြီလတွင် ဘရာဇီးမိုးသစ်တော၏ ပြုန်းတီးမှုသည် ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်လျှင် ၆၄ ရာခိုင်နှုန်းကျော်ရှိနေပြီဟု INPE( Brazil’s National Institute for Space Research) က ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှုကို လျော့ချရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သစ်ထုတ်လုပ်ခွင့်ကို ရပ်နားခဲ့သည်။ ထို့ပြင် တရားဝင်သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း (FLEGT) လုပ်ငန်း အစီအစဉ်အရ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ သစ်တော ဥပဒေစိုးမိုးအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာမိတ်ဖက်အဖြစ် ဆန္ဒ အလျောက် သဘောတူရေးထိုးနိုင်ရေးလုပ်ငန်းစဉ် ဆောင်ရွက် နိုင်ရေးကို လုပ်ဆောင်လျက်ရှိပါသည်။

ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် ယနေ့ အချိန်ထိ ခြိမ်းခြောက်နေဆဲဖြစ်သည်။ ထို့ကြောင့် မြန်မာ နိုင်ငံတွင်လည်း မည့်သည့်နေ့ရက်တွင် ကိုဗစ်-၁၉ ကူးစက် ပျံ့နှံ့မှု ရပ်တန့်ပြီး ပုံမှန်အခြေအနေဆီ ပြန်ရောက် နိုင်မည်ကို မည်သူကမျှ မပြောနိုင်သဖြင့် သစ်ခိုး ထုတ်နေမှုများကို ကပ်ရောဂါကာလအတွင်း တားဆီး ကာကွယ်ရေးနှင့် ဖမ်းဆီးထိန်းချုပ်နိုင်ရေးအတွက် အစီ အမံများ ချမှတ်ဆောင်ရွက်နိုင်မှသာလျှင် မြန်မာ့ သစ်တောများ၏ အနာဂတ်စိတ်ချရမည် ဖြစ်သည်။



ယခုအတိုင်း ကိုဗစ်ကာလကြာရှည်လေ ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်တက်ပြီး
နေ့စဉ်ဘဝ ရပ်တည်ရေးအတွက် သစ်ခိုးထုတ်မှုသည် ထွက်ပေါက်တစ်ခု
ဖြစ်နေလျှင် မြန်မာ့သစ်တောများအတွက်
စိုးရိမ်ဖွယ်ဖြစ်လေသည်။ သစ်ခိုးထုတ်မှုဖမ်းဆီးမှု ဖြစ်စဉ်များတွင်
ပိုင်ရှင်မဲ့ ဖမ်းမိနေမှုများကလည်း သစ်ခိုးထုတ်မှုလျော့ကျအောင် မလုပ်နိုင်ခြင်း၏
အကြောင်းအရင်းများထဲတွင် တစ်ခုအပါဝင် ဖြစ်နေသည်။

ထို့ကြောင့် သစ်တောကဏ္ဍတွင် အဂတိလိုက်စားမှုများ  ကင်းဝေးစေအောင်
စောင့်ကြည့်အရေးယူဖော်ထုတ်မှုများ ထိရောက်စွာဆောင်ရွက်နိုင်ရန်
လိုအပ်နေပြီ ဖြစ်သည်။